


## ရေဘုရင် မြေပြင်မှာတော့

မိုးသက်လေကလေးတစ်ချက် ဝေ့လိုက်တော့ လှဆောင် ကျောထဲက စိမ့်တက်သွားသလို ခံစားလိုက်ရသည်။ လှေ၏ ဦးဘက်မှထိုင်ကာ လှော်တက်ကို ခပ်မှန်မှန် ခတ်နေသော ညီဖြစ်သူ စိုးဝင်းကို လှမ်းကြည့်လိုက်မိသည်။ စိုးဝင်းကတော့ ဘာမျှ မထူးခြားသလို ခပ်အေးအေးပင် လှေကိုသာ ဂရုစိုက်ကာ လှော်နေလေသည်။ လှဆောင်က စနေထောင့်ကို မျက်စိကစားမိပြန် သည်။ အလိပ်လိုက်၊ အလိပ်လိုက် ပြုဆင်းလာနေသော တိမ်ညို မည်းကြီးတွေကို လှဆောင် မြင်လိုက်မိသည်။

"မိုးချုမယ်ထင်တယ်စိုးဝင်း၊ တစ်မိုးလုံး မည်းမှောင်နေတာပဲ၊ လေပါ ပါလာလိမ့်မယ်၊ တို့ရှေ့က ချောင်းဦးတိုကလေးထဲ ဝင်ပြီး ခိုကြတာပေါ့"

လှဆောင်က အန္တရာယ်ကင်းရှင်းစေရန် လေမိုးခိုဖို့ စိုးဝင်းကိုပြောလိုက်သည်။ စိုးဝင်းက ဘာမျှပြန်မပြောတော့ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"အနောက်ဘက်ကမ်းကို ခပ်သွက်သွက်လှော် ညီလေး"

လှဆောင်က စိုးဝင်းကိုပြောရင်းက သူကိုယ်တိုင်ကပါ လှေဦးမှထိုင်ကာ လှေကိုခပ်သွက်သွက်လှော်ချလိုက်သည်။ စိုးဝင်း ကလည်း မွေးကတည်းက မြစ်နားချောင်းနားမှာ ကြီးပြင်းခဲ့ရသူ ဆိုတော့ မိုးအကြောင်း၊ လေအကြောင်း နားလည် နေသည်။ သူတို့လှေကလေးရှိနေသော မြစ်ပြင်မှာ တောင်နှင့်မြောက် အလျားလိုက် စီးဆင်းနေသည်။ မိုးသက်လေပြင်းကျလာပါက လေက အနောက်တောင်ထောင့်အရပ်မှ အားသွန်၍ တိုက်လာမည် ဆိုတော့ အနောက်ဘက်ကမ်းကို လှေကပ်ပါမှ လေမိုးလွတ်မည် ဖြစ်သည်။ အရှေ့ဘက်ကမ်းကို လှော်မိပါက လှိုင်းဒဏ် လေဒဏ် ကြောင့် မြစ်ထဲမှာ လှေနစ်ဖို့သာ ရှိတော့သည်။ လှဆောင် ကြိုတင်ခန့်မှန်းထားသလိုပင် လေပြင်းရော မိုးပါ သွန်ချလာ သည်။

"သွားပါပြီကွာ၊ ဒီလောက်မိုးကြီးမှတော့ ဘယ်လိုလုပ် ငါးရတော့မလဲ"

လှဆောင်က ညည်းလိုက်သည်။ မှန်ပေသည်၊ လှဆောင်တို့ ညီအစ်ကို ငါးအရှာထွက်လာကြခြင်း ဖြစ်သည်။ မိုးထဲလေထဲတွင် ငါးတွေက ဘယ်အစာကိုမှ မက်မက်မောမော မဟပ်တတ်။ တဖြောင်းဖြောင်းချနေသော မိုးကြောင့် ငါးတွေ အရာရာကို မေ့ကာ အပျော်ကြူးနေတတ်ကြသည်။ လှေဝမ်းထဲမှ ငါးမျှားတန်း ချရန်ယူလာသည့် ကြိုးခွေနှင့် ငါးမျှားချိတ်များကို ကြည့်ကာ လှဆောင် စိတ်မောနေလေသည်။ မိုးကြောက်လည်း ရှည်လိုက်

> "လွယ်ပါတယ်ကွာ၊ မင်းလှေယူပြီး ရွာပြန် ချေ၊ ရွာက လူနှစ်ယောက်လောက် ထပ်ရှာ ပြီး ခေါ်ခဲ့ကွာ၊ လှေဝမ်း ကြီးကြီးတစ်စီးပါ ရှာခဲ့၊ ပြီးတော့ ကြိုးတွေပါ ထပ်ယူခဲ့၊ ငါ ဒီမှာပဲ စောင့်နေရစ်ခဲ့မယ်၊ မင်းမြန်မြန် သွားပြီး မြန်မြန် ပြန်လာခဲ့"

ပါဘိ။ စဲပဲမစဲနိုင်တော့။ မိုးလေငြိမ်သက်သလောက် ရှိသော အခါ လှဆောင်တို့ ညီအစ်ကိုမှာ ခိုက်ခိုက်တုန်နေကြလေပြီ။

"စိုးဝင်း ဆေးလိပ်နဲ့ မီးခြစ် အစ်ကို့ဆီကို ကမ်းလိုက်စမ်း၊ အေး– အေး– ပေးပေး။ မင်းလှေပေါ်မှာ ခဏထိုင်နေရစ်ကွာ၊ ငါ့ဗိုက်ထဲက သရိုးသရီဖြစ်လာလို့ ကမ်းပေါ်တက်လိုက်ဦးမယ်"

လှဆောင်က ညီဖြစ်သူကို မှာထားရစ်ကာ လှေပေါ်မှ လတာပေါ်သို့ လွှားခနဲ ခုန်ချသွားသည်။ ဗိုက်ပြသနာရှင်းရန် ဖျိုက်တောထူထူကို ရှာရင်းက လတာပေါ်မှာ ကလေးတွေ လျှောတိုက်စီးထားသလို နွံပြင်ပြောင်ချောချောကြီးကို သတိထား လိုက်မိသည်။ လှဆောင်ခေါင်းထဲသို့ အတွေးတစ်စက ဝင်လာတော့ စောစောက ဗိုက်နာနေတာကလေးပင် ပျောက်သွား သလို ဖြစ်လာသည်။ တောမထိုင်တော့ဘဲ ကမန်းကတန်း စိုးဝင်း ရှိရာသို့ ပြန်ပြေးချလာသည်။

"စိုးဝင်းရေ ဟေ့–ညီလေး၊ ဒီနေ့တော့ တို့ပွပြီထင်တယ်"

အရင်းမရှိ အဖျားမရှိပြောချလိုက်သော အစ်ကိုဖြစ်သူ လှဆောင်ကို စိုးဝင်းက ငေးကြည့်နေပြီးမှ –

"ဘာပွတာလဲအစ်ကိုရ၊ အစ်ကို့စကားက ဘာမှလဲ အစကောက်လို့ မရပါလား"

စိုးဝင်းက ပြန်ပြောလိုက်တော့ လှဆောင်မှာ မိမိလောကြီး သွားသောအဖြစ်ကို တွေးမိပြီး ရယ်ချင်သလိုလိုဖြစ်လာသည်။ ပြီးမှ–

"ဩော်–အေး– အေး ငါဝမ်းသာလုံးဆို့ပြီး ပြောလိုက်မိလို့ ပါကွာ၊ ဒီလိုကွ၊ တို့ ဒီကနေ့ငါးမရလဲ ဟဲ ဟဲ ဟဲ"

လှဆောင်က ဆက်မပြောဘဲ ရပ်ထားလိုက်သည်။ စိုးဝင်းက အားမလိုအားမရ ဖြစ်လာပြီး–

"ငါးမရလဲ ရေချိုးပြန်ကြတာပေါ့ ဟုတ်လား၊ ရေတော့ ထပ်မချိုးပါရစေနဲ့တော့၊ အခုတောင် ချမ်းလွန်းလို့ ငန်းခင်ချင် သလိုလို ဖြစ်နေပြီ" ဟု ပြောလိုက်သည်။ လှဆောင်က ညီဖြစ် သူကို ကြည့်ပြီး ပြုံးဖြဲဖြဲကြီးလုပ်ကာ –

"ငါးမရလဲ မိကျောင်းဖမ်းပြီးပြန်ကြတာပေါ့လို့ ပြောမလို့ကွ၊ ငါးထက်တောင် ပိုပြီး ပွမယ်မောင်၊ အချိုကြီးပွမှာကွ"

စိုးဝင်းက အစ်ကိုဖြစ်သူပြောလိုက်သော စကားကို မရှင်းသဖြင့် ပြန်မေးရန် ပါးစပ်ပြင်လိုက်သည်။

"မင်းငါ့ကို ဟိုမေးဒီမေး မေးမလို့ မဟုတ်လား၊ ကဲ မေးမနေနဲ့တော့၊ လှေကို ကမ်းပေါ်ဆွဲတင်ပြီး ထားခဲ့ကြမယ်၊ လှေထဲက ကြိုးတွေရယ်၊ ဓားရယ်ယူပြီးတော့သာ ငါနဲ့လိုက်ခဲ့"

လှဆောင်နှင့် စိုးဝင်းတို့ လှေကို ကမ်းပေါ်သို့ရောက်အောင် ဆွဲတင်ကြသည်။ ရေတက်လာပါက လှေမျောမသွားအောင် လှေဦးမှကြိုးနှင့် လမုပင်တစ်ပင်မှာ ခိုင်အောင်ချည်ထားခဲ့ကြသည်။ ထို့နောက် လှဆောင် ဦးဆောင်ကာ လတာပေါ်သို့ တက်လာခဲ့ကြသည်။ စောစောက လှဆောင်တွေ့ခဲ့ရသော ပြောင်ချောချော နွံပြင်ကြီး အစသို့ ရောက်လာခဲ့ကြသည်။

"အဲဒီ ပြောင်ချောချောကြီးဟာ စွတ်ကြောင်းကြီးပေါ့ကွာ၊ မိကျောင်းဟာ ရေထဲက တက်လာပြီး သူ့အသိုက်ကို သွားတဲ့အခါ ဗိုက်နဲ့ ပွတ်တိုက်သွားရတော့ လမ်းကြောင်းကြီး ဖြစ်နေတာပေါ့"

လှဆောင်က စိုးဝင်းကို ရှင်းပြလိုက်သည်။

"အစ်ကိုက ဘယ်လိုလုပ်သိသလဲ"

စိုးဝင်းက မယုံသလို မေးလိုက်သည်။

"ဟ- မင်းကလဲ ဒီလောက်အရသလားကွ၊ ချောင်းနားမြောင်းနားမှာ မွေးလာပြီး ဗဟုသုတကလဲ နည်းသကိုး၊ ဒီလ ဘာလလဲ၊ ကဲ. . . ပြောစမ်း. . ."

လှဆောင်က မေးလိုက်သောအခါ စိုးဝင်းက ပြန်ဖြေသည်။

"ဝါဆိုလပေါ့"

"အေး- မင်းသေသေချာချာမှတ်ထား၊ နယုန်ဝါဆိုလတွေမှာ မိကျောင်းတွေ မိတ်လိုက် အသိုက်ကိုက်တဲ့လ၊ မင်းမယုံရင် ရှေ့မှာတွေ့မှာပါ၊ ကဲ- လာလာ"

လှဆောင်က ရှေ့မှ စိတ်အားထက်သန်စွာ သွားနေသဖြင့် စိုးဝင်းမှာ နောက်ချန်မနေသာတော့ဘဲ လှဆောင် နောက်မှ လိုက်ပါလာရတော့သည်။

"ဟော- ဟိုးရှေ့မှာ ရေအိုင်နှစ်အိုင် တွေ့လား"

နှစ်ယောက်သား အတော်သွားမိသောအခါ ရေအိုင်နှစ်အိုင်ကို တွေ့ကြရသည်။

"အဲဒီရေအိုင်ထဲမှာ မိကျောင်းမကြီး ရှိနေလိမ့်မယ်"

လှဆောင်က ပြောသည်။

"ရေအိုင်က နှစ်အိုင်ဆိုတော့ ဘယ်အိုင်ထဲမှာ မိကျောင်းမက ရှိနေတယ်ဆိုတာ ဘယ်လိုလုပ်သိမလဲ"

စိုးဝင်းက စပ်စုလိုက်သည်။

"သိတာပေါ့ကွ၊ ရေအိုင်နှစ်အိုင်အနက်က ရေနောက်တဲ့အိုင်ထဲမှာ မိကျောင်းမရှိနိုင်တာပေါ့၊ သူတက်လိုက်၊ ဆင်းလိုက် လုပ်နေလို့ ရေတွေနောက်နေတာပေါ့၊ ရေအိုင်ဝန်းကျင်မှာလဲ မိကျောင်းမဗိုက်နဲ့ တိုက်သွားတဲ့ အရာတွေ လက်တွေခြေတွေနဲ့ ယက်ထားတဲ့ အရာတွေ သတိထားကြည့်ရင် တွေ့နိုင်တာပေါ့"

လှဆောင်က အသေးစိတ် ရှင်းပြသည်။

"ဒါဆို ရှိမရှိ အသေအချာသိရအောင် တစ်ခုခုနဲ့ သွားထိုးကြည့်ရရင် မကောင်းဘူးလား"

စိုးဝင်းက မေးလိုက်သည်။

"ဟ. . . ပ. . . သွားမလုပ်နဲ့မောင်၊ မိကျောင်း အမြီးနဲ့ အရိုက်ခံ နေရပါ့မယ်။ ရေအိုင်ထဲမှာ မိကျောင်းမ ရှိ၊ မရှိ ကံသေကံမလဲ မပြောနိုင်သေးပါဘူး အသိုက်ထဲမှာ ရှိချင်ရှိနေမှာ"

လှဆောင်က ရှင်းပြသည်။

"အသိုက်က ဘယ်မှာတုံး၊ မိကျောင်းက ရေအိုင်ထဲမှာဆို"

စိုးဝင်းက စိတ်မရှည်တော့သလို ပြောလိုက်လေသည်။

"အသိုက်က ရေအိုင်ရဲ့အနီးအနားမှာ ရှိကိုရှိရမယ်၊ သေသေချာချာကြည့်၊ တွေ့ကို တွေ့ရမယ်ကွ"

လှဆောင်က စိုးဝင်းကို ပြောလည်းပြော၊ မျက်စိကလည်း ကျီးကန်းတောင်းမှောက်ရှာသည်။

"ဟိုမှာတွေ့လား၊ ဖျိုက်ပင်တွေ၊ ငှက်ကြီးတောင်ပင်တွေနဲ့ လုပ်ထားတဲ့ အသိုက်ဟာ မိကျောင်း အသိုက်ပေါ့ကွ၊ ဟာ - အသိုက်ပေါ်မှာ မိကျောင်းမကြီးပါလား၊ ဥတက်ဥတာနဲ့ တူတယ်ဟေ့"

လှဆောင်က လက်ညှိုးထိုးပြရာသို့ စိုးဝင်းကြည့်လိုက်တော့ မိကျောင်းမကြီးက အသိုက်ပေါ်မှာ ကားယားကြီး ခင်းနေလေသည်။

"ဟာ ဟုတ်တယ်ဟ၊ နည်းတဲ့ကောင်ကြီး မဟုတ်ပါလား၊ ခေါင်းရှည်ကြီးကွ၊ ဘယ်လိုဖမ်းကြမလဲ၊ ဓားနဲ့ပြေးခုတ်ရမလား"

စိုးဝင်းက လှဆောင်ကို မေးလိုက်သည်။

"ဒီလိုသွားလုပ်လို့ ဘယ်ဖြစ်မလဲ၊ မိကျောင်းက အမြီးနဲ့ ရိုက်ပြီး လှည့်ကိုက်မှာပေါ့၊ မိကျောင်းပါးစပ်က သိပ်သန်တယ် မောင်မင်း အရိုးအသားတွေ တစ်စစီ ဖြစ်သွားလိမ့်မယ်"

"ဒါဆို ခဲတို့တုတ်တို့နဲ့ ပစ်ရင်ကော"

"ဒါလဲ မရဘူးကွ မင်းပစ်လိုက်တဲ့ ခဲတို့၊ တုတ်တို့ကို မိကျောင်းက အမြီးနဲ့ ပြန်ရိုက်ထုတ်လိမ့်မယ်။ ခဲတွေ၊ တုတ်တွေ တို့ဆီပြန်လာပြီး တို့ကိုမှန်ပြီး မိကျောင်းမသေဘဲ တို့သေနေမယ်"

"ဒါဆို မိကျောင်းကို ဘယ်လို ဖမ်းကြမလဲ"

စိုးဝင်းက စိတ်မောသလို ပြောလိုက်သည်။ လှဆောင်က ခပ်မဲ့မဲ့ကလေး ပြုံးလိုက်ပြီး–

"ဖော့ပင်တွေ အနီးအနားမှာရှိတတ်ပါတယ်၊ မင်းသွားရှာပြီး များများခုတ်ယူခဲ့ကွာ၊ ရော့–ဓားယူသွား"

စိုးဝင်းကို ဖော့အခုတ်ခိုင်းလိုက်သည်။ စိုးဝင်းက ဘာမျှ ဆက်မပြောတော့ဘဲ ဖော့ပင်တွေကိုသာ ရှာခုတ်တော့သည်။ ပြီးတော့ ဖော့တွေကို ခေါက်တုံ့ခေါက်ပြန်သယ်ယူလာသည်။

"ဖော့တွေနဲ့ မိကျောင်းမကြီးကို ပစ်ကွာ"

လှဆောင်က ပြောလိုက်တော့ မိကျောင်းတွေ့ကတည်းက စက်တာပြင်ပြင် ဖြစ်နေသော စိုးဝင်းက ဖော့တွေနှင့် မိကျောင်းမကို ပစ်သည်။ ဖော့ပင်တွေက တဘုတ်ဘုတ်နှင့် မိကျောင်းမကို သွားမှန်တော့ မိကျောင်းမက ဥအရှိန်နှင့် ဖော့တွေကို အမြီးနဲ့ ရိုက်လွှတ်သည် ဖော့တွေက လှဆောင်နှင့် စိုးဝင်းတို့ ရှိမစ်ကိုရှိရာသို့ ထဲပျံကျရောက်လာသည်။

"ကပ်ပစ်ကွာ၊ ခပ်သွက်သွက်ပစ်ပါဟ"

လှဆောင်က စိုးဝင်းကို ပြောလိုက်သည်။ စိုးဝင်းက ဖော့တွေနှင့် မိကျောင်းမကို တရစပ်ပစ်ခတ်ပြန်သည်။ မိကျောင်းမက အမြီးနှင့် ရိုက်ရုံသာမက ဖော့ကို ပါးစပ်နှင့် ဆီးကိုက်သည်။ ဖော့လုံးမှေ့က မိကျောင်းပါးစပ်ထဲသို့ အရွေးလိုက် ဝင်သွားကြသည်။ ခေါကြီးမာန်ကြီးနှင့် ဆီးကိုက်နေသော မိကျောင်းမ၏ ပါးစပ်ပြူးကြီးမှာ ဖော့လုံးတွေညပ်ပြီး စေးကပ်ကာ ပါးစပ်ဟမရ ဖြစ်လေသည်။

"ကဲ တွေ့လား မိကျောင်းမတော့ ပါးစပ်မဟနိုင်တော့ ဘူးကွ၊ အန္တရာယ်တစ်ခုတော့ လျော့သွားပြီ၊ လာ မိကျောင်းကို ဆက်ရှာသွားဖမ်းကြစို့"

လှဆောင်က စိုးဝင်းလက်ကို ဆွဲကာ ရှေ့တက်ရန် ဟန်ပြင်လိုက်သည်။ စိုးဝင်းက ကြောက်ကြောက်နှင့် လက်ကို ရုန်းကာ–

"ဟာ- ဖြစ်ပါ့မလား အစ်ကိုရ၊ သူ့ပါးစပ်က မဟနိုင်ပေမယ့် သူ့အမြီးနဲ့ ရိုက်လိုက်ရင် ဘယ်လိုလုပ်မလဲ"

မရဲတရဲ ပြန်ပြောလိုက်သည်။ လှဆောင်က –

"မင်းမှာသာ လာစမ်းပါကွာ၊ ရဲချင်တော့လဲ မင်းပဲ ခုမှ ကြောက်ချည် ဒုက္ခာလုပ်နေရပြန်တာလဲ။ ငါဖမ်းမှာပါကွာ၊ မင်းက ငါ့ကို ကူရုံသက်သက်ပါ"ဟု ပြောလိုက်သည်။

"ကျွန်တော် မကြောက်ဘူးထင်တယ် သူ့အမြီးကြီးက နည်းတာကြီး မဟုတ်ဘူး" ကြောက်စိတ်မပြေ သေးသော စိုးဝင်းက ပြန်ပြောလိုက်သည်။

"မိကျောင်းဟာ ရေထဲမှာသာ သူ့ကိုယ်သူလှုပ်ရှားတဲ့ ပက်တဲ့ နေရာမှာ ပြန်ကာကွာ၊ ကုန်းပေါ်မှာ သူ့ကို ဒီလောက် ကြောက်နေ စရာ မလိုဘူးကွ၊ သူ့အမြီးရိုက်ချက်နဲ့ လွတ်တဲ့ ခေါင်းပိုင်းက မြှောင်ဝင်ပြီး သူ့အမြီးရင်းက ခါးပေါ်ကို တက်လို့ရရင် သူ့အမြီး အန္တရာယ်က လွတ်ပြီပေါ့"

ပြောပြောဆိုဆို လှဆောင်က မိကျောင်းမ အနီးသို့ ရဲရဲတင်းတင်းပင် ကပ်သွားသည်။ အမြီးရင်းဘက်က မြီးထူး ရိုးပေါ်သို့ လွှားခနဲခုန်တက်လိုက်ပြီး ခွထိုင်ချလိုက်သည်။ မိကျောင်းမက သူ့ကိုယ်ပေါ်တက်လာသော လှဆောင်ကို ထိလိုထိငြား အမြီးနှင့် လှမ်းရိုက်လိုက်သေးသည်။ သို့သော် ရိုက်ချက်က လှဆောင်ကို မထိ။

"ကြိုး မြန်မြန်ပစ်ပေးစမ်း စိုးဝင်း"

မိကျောင်းမကို ခွစီးထားသော လှဆောင်က ကြိုးကို လှမ်းတောင်းလိုက်သဖြင့် စိုးဝင်းက ပစ်ပေးလိုက်သည်။ လှဆောင်က ကြိုးခွေကို ဆီးဖမ်းပြီး မိကျောင်းမ၏ နောက်ခြေနှစ်ချောင်းကို ပူးကာ ခိုင်ခိုင်ခံ့ခံ့ ချည်ထား တုပ်ထားလိုက်သည်။ သေချာပြီ ဆိုတော့မှ စိုးဝင်းကို အနားလာဖို့ခေါ်လိုက်သည်။

"ဟာ မလာရဲဘူးဗျ၊ အမြီးနဲ့ ရိုက်မှ ဟုတ်ပေ့ ဖြစ်နေမယ်"

စိုးဝင်း၏ ပြောပုံကို လှဆောင်က သဘောကျသလို ရယ်ချလိုက်၏။ "ဟား– ဟား– ဟား– အမြီးနဲ့ ရိုက်ဖို့ နေနေသာသာ အမြီးတောင် မကြွနိုင်တော့ပါဘူးကွ၊ မင်းကြောက်ဒူး တုန်မနေပါနဲ့တော့"

လှဆောင်က စိုးဝင်းကို ပြောပြလိုက်သည်။ မိကျောင်းတို့ မည်သည် ခြေနှစ်ချောင်းကို မြေပြင်မှာ ထောက်ကာ အားယူ၍ အမြီးကို ကြွကာ ရိုက်အားအဖြစ် အသုံးပြုကြမြဲဖြစ်သည်။ လှဆောင်က ချက်ဖြစ်သော မိကျောင်း၏ ခြေထောက်နှစ်ချောင်း အား ချုပ်ထားလိုက်ပြီဆိုသောအခါ၌ မြေပြင်ကို အားယူရန် မဖြစ်နိုင်တော့သော မိကျောင်း၏ အမြီးက မြေပြင်မှ မကြွ တော့ချေ။ ဒါကို မသိသော စိုးဝင်းက မိကျောင်း၏ အမြီးကို လန့်နေခြင်း ဖြစ်လေသည်။ လှဆောင်က ကျကျနနရှင်းပြ လိုက်တော့မှ မိကျောင်းမ၏ အနားသို့ ကပ်လာဝံ့တော့၏။

"ရော့. . . ဒီကြိုးနဲ့ ပါးစပ်ကိုပါ တုပ်ထားလိုက်"

စိုးဝင်းက လှဆောင်ခိုင်းသမျှ လိုက်လုပ်သည်။ မိကျောင်း ပါးစပ်မှာ ဖော့အစုကြောင်းများကြောင့် ဟမရ ရသည့်အထဲ စိုးဝင်းက ကြိုးနှင့် အထပ်ထပ်တုပ်လိုက်ပြန်သောကြောင့် မိကျောင်းကိုက်မည့် အန္တရာယ်က ပို၍ လုံခြုံသွားပြန်လေတော့ သည်။

"ဒီကနေ ငါးမရပေမယ့် မဆိုးပါဘူးကွာ၊ မိကျောင်း ရပြီပဲ၊ မိကျောင်းကို သယ်ချသွားပြီး ငါးလုပ်ငန်း ဦးစီး ကို အရှင်အတိုင်း သွားအပ်မယ်ကွ၊ ဒါမှမဟုတ်ရင် တိရစ္ဆာန်ဥယျာဉ်ကို လှူဖို့ စီစဉ်မယ်ကွာ၊ တို့ဥ ဖစ်က ရမှာသေချာတယ်ကွ၊ ပြီးတော့ တို့လိုရေလုပ်သား

အန္တရာယ်ပေးတတ်တဲ့ မိကျောင်းရန်က ရေလုပ်သားတွေ ဝေးကြရမှာမို့ ကောင်းကျိုးချမ်းသာရကြမယ်ကွာ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲပေါ့"

လှဆောင်၏ ပမ်းသာအယ်လဲဖြစ်နေပုံကိုကြည့်ကာ စိုးဝင်းက တွေးနေမိသည်။ သူ့စိတ်ထဲမှာတော့ မိကျောင်းမကြီး၏ ကိုယ်မှ ပုပ်အဲ့အဲ့ ညှီစို့စို့အနံ့ကြီးနားက ခွာချင်လှပြီ။

"ဒါကြီးကို ဘယ်လိုလုပ်ပြီး ရှာပြန်သယ်ကြမလဲ"

စိုးဝင်းက လှဆောင်ကို မေးလိုက်သည်။

"လွယ်ပါတယ်ကွာ မင်းလှေယူပြီး မှာပြန်ချေ၊ ရွာက လူနှစ်ယောက်သောက် ထပ်ရှာပြီး ခေါ်ခဲ့ကွာ၊ လှေဝမ်းကြီးကြီးတစ်စင်းပါ ရှာခဲ့၊ ပြီးတော့ ကြိုးတွေပါ ထပ်ယူခဲ့၊ ငါ ဒီမှာပဲ စောင့်နေရစ်ခဲ့မယ်။ မင်းမြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့"

လှဆောင်က ပြောလိုက်သည်။ စိုးဝင်းကတော့ ဘာမျှ ဆင်ခြေပေးမနေတော့ဘဲ လှဆောင်နှင့် မိကျောင်းမကြီးကို ကျောခိုင်း လိုက်သည်။ လှဆောင်က တရွေ့ရွေ့ဝေးသွားသော စိုးဝင်း၏ ကျောပြင်ကြီးကို ကြည့်နေမိသည်။ စိတ်ထဲမှလည်း မိမိ၏ အဖိုးပြောပြခဲ့ဖူးသော ရေလုပ်သားတို့၏ အတွေ့အကြုံ ဗဟုသုတတို့ကို နားထောင် မှတ်သားထားမိသဖြင့် ယခုကဲ့သို့ ကိုယ်တိုင် မိကျောင်းနှင့် ကုန်းပေါ်တွင် ကြုံတွေ့ရသောအခါ လက်တွေ့ လုပ်ဆောင်အောင်မြင်ခဲ့ပုံများကို တစိမ့်စိမ့် တွေးမိပြီး ပီတိဖြာနေမိလေသည်။ ထိုစဉ် မိုးရောလေပါ တဝေါဝေါ သွန်ချလိုက်ပြန်သည်။ ။

ကြည်သာ

